Overseas Community Affairs Council ( OCAC )

中 華 民 國 僑 務 委 員 會

နိုင်ငံရပ်ခြားရှိ တရုတ်နွယ်ဖွားကျောင်းသားများအတွက် စက်မှုလုပ်ငန်းနှင့် ပညာရှင်များ လက်တွဲပူးပေါင်း လုပ်ဆောင်နေသော အထူးတန်းခွဲများ

# ပညာသင်ရန် ကျောင်းလျှောက်ခြင်း အဓိကအားသာချက် ၄ ချက်

## 1 ထိုင်ဝမ်သို့ လာရောက်ပညာဆည်းပူးပြီး ကမ္ဘာ့အဆင့်မီ နည်းပညာများကို **လေ့လာနိုင်ခြင်း**

- ထိုင်ဝမ်သည် "နိုင်ငံတကာ ကျွမ်းကျင်မှုပြိုင်ပွဲ" (ကျွမ်းကျင်မှုနှင့် သက်မွေးဝမ်းကျောင်းအိုလံပစ်) တွင် ကမ္ဘာ့ တတိယနေရာ (2022 ခုနှစ်) ကို ရရှိခဲ့သည်။
- နည်းပညာဆိုင်ရာ အထက်တန်းကျောင်းမှတဆင့် သိပ္ပံနှင့် နည်းပညာတက္ကသိုလ်များသို့ တိုက်ရိုက်ဝင်ခွင့်ရရှိပြီး 7 နှစ်တာ လေ့ကျင့်မှုကို အပြည့်အဝပြီးမြောက်ပါက ကျွမ်းကျင်တက္ကသိုလ်ဘွဲ့ကို ရရှိမည်။

## 2 လုံလောက်သော အရင်းအမြစ်၊ ပြီးပြည့်စုံသော စောင့်ရှောက်မှု ၊ ဘဝအိမ်မက်ကို အကောင်အထည်ဖော်နိုင်ခြင်း

- ထိပ်တန်းပညာသင်ဆု ထိုင်ဝမ်ဒေါ်လာ 150,000 ကို လျှောက်ထားသူများထဲမှ အတော်ဆုံးကျောင်းသားကို ချီးမြှင့်ပါမည်။
- 3 နှစ်တာ ကျောင်းစရိတ်ကင်းလွတ်ခွင့် ပညာသင်ဆု နှင့် သင်ကြားနေစဉ်အတွင်း လိုအပ်သော စောင့်ရှောက်မှုအမျိုးမျိုးကို ထောက်ပံ့ပေးသွားမည်။
- 3 လတစ်ခါ အလုပ်သင်ကို အလှည့်ကျလုပ်ဆောင်ခွင့်ပေးပြီး အလုပ်သင်စရိတ်များရရှိရန် အာမခံသည်။

## 3 ဘွဲ့ရပြီးပါက ထိုင်ဝမ်တွင် လစာကောင်းကောင်းဖြင့် ဆက်လက်နေထိုင်နိုင်ခြင်း + နိုင်ငံရပ်ခြားရှိ တရုတ်နွယ်ဖွား၊ ထိုင်ဝမ်စီးပွားရေးသမားများနှင့် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးများတွင် ပါဝင်ခြင်း

- ထိုင်ဝမ်၏ အဆင့်မြင့် နည်းပညာစက်မှုလုပ်ငန်းသည် ကမ္ဘာပေါ်တွင် တမူထူးခြားသည်။ ထိုင်ဝမ်တွင်နေထိုင်ပြီး နည်းပညာစက်မှုလုပ်ငန်းကို လေ့လာလိုပါက ပြည်တွင်းနှင့် ပြည်ပ တရုတ်နွယ်ဖွားထိုင်ဝမ်စီးပွားရေးလုပ်ငန်းများနှင့် နီးနှောဖလှယ်နိုင်မည်။
- ဘွဲ့ရပြီးပါက အစိုးရမှတဆင့် ကျောင်းသားများ၏ ကျွမ်းကျင်မှုများကို စီးပွားရေးလုပ်ငန်းရှင်များ၏ လိုအပ်ချက်များပေါ်မူတည်၍ တွေ့ဆုံမိတ်ဆက်မှုများ လုပ်ဆောင်ပေးသွားမည်။

## 4 အမျိုးသားအဆင့် ကျွမ်းကျင်မှု လက်မှတ်များကို ကိုင်ဆောင်ပြီး ကမ္ဘာပေါ်တွင် သင်၏ အရည်အချင်းများကို ပြသနိုင်ခြင်း

သင်ကြားရေးနှင့် အလုပ်သင် ပေါင်းစပ်ပြီး ပလက်ဖောင်းတစ်ခုကို တည်ဆောက်ခြင်း၊ အမျိုးသားအဆင့် ကျွမ်းကျင်လိုင်စင်များနှင့် ပေါင်းစပ်ပြီး လုပ်ငန်းခွင်တွင် ကျောင်းသားများ၏ အလုပ်စွမ်းရည်ကို ပြသနိုင်ရန်အတွက် အထူးပြုစုပျိုးထောင်ပေးပါသည်။

# နိုင်ငံရပ်ခြားရှိ တရုတ်နွယ်ဖွားကျောင်းသားများအတွက် စက်မှုလုပ်ငန်းနှင့် ပညာရှင်များ လက်တွဲပူးပေါင်း လုပ်ဆောင်နေသော အထူးတန်းခွဲများ

## ကျောင်းအပ်နှံခြင်းဆိုင်ရာ သရုပ်ပြဇယား

## 1 ကျောင်းအပ်နှံချိန်

**ကျောင်းအပ်လက်ခံသည့်ကာလ - နှစ်စဉ် ဇန်နဝါရီလ မှ မတ်လ အတွင်း**

❶ ကျောင်းအပ်နှံနိုင်သည့် အရည်အချင်းသတ်မှတ်ချက်များ - အသက် 16 နှစ် မှ 22 နှစ်အတွင်း ၊ အလယ်တန်းနှင့်အထက် ဘွဲ့ရပြီးသော ကျောင်းသားများ။

❷ Overseas Community Affairs Council (OCAC) ဝဘ်ဆိုက် (https://www.ocac.gov.tw) သို့ သွားရောက်ပြီး နိုင်ငံရပ်ခြားတရုတ်နွယ်ဖွားကျောင်းသားရေးရာဝန်ဆောင်မှု > နိုင်ငံရပ်ခြားရှိ တရုတ်နွယ်ဖွားကျောင်းသားများ ကျောင်းအပ်နှံခြင်းဆိုင်ရာ ဧရိယာ > နိုင်ငံရပ်ခြားရှိ တရုတ်နွယ်ဖွားကျောင်းသားများအတွက် စက်မှုလုပ်ငန်းနှင့် ပညာရှင်များ လက်တွဲပူးပေါင်း လုပ်ဆောင်နေသော အထူးတန်းခွဲများ ကို ရွေးချယ်ပြီး နှိပ်ပါ။ လျှောက်လွှာပုံစံကို ဒေါင်းလော့ခ်လုပ်ပါ။ လျှောက်လွှာပုံစံကို ဖြည့်စွက်ပြီး ကိုယ်ရေးကိုယ်တာစာရွက်စာတမ်းများနှင့်အတူ ၊ နိုင်ငံရပ်ခြားရှိ ထိုင်ဝမ်ကိုယ်စားလှယ်ရုံးများ၊ ယဉ်ကျေးမှုနှင့် ပညာရေးဝန်ဆောင်မှုစင်တာ သို့မဟုတ် OCAC မှ အသိအမှတ်ပြုထားသော ပံ့ပိုးကူညီရေးရုံးများသို့ လျှောက်လွှာများကို ပေးပို့ပါ။

## 2 ဝင်ခွင့်စာရင်းထုတ်ပြန်ချိန်

**မေလတွင် ဝင်ခွင့်စာရင်းကို ထုတ်ပြန်ရန် စီစဉ်ထားသည်။**

❶ OCAC ဝဘ်ဆိုက် (https://www.ocac.gov.tw) သို့ သွားရောက်ပြီး စစ်ဆေးပါ။

❷ နိုင်ငံရပ်ခြားတရုတ်နွယ်ဖွားကျောင်းသားရေးရာဝန် ဆောင်မှု > နိုင်ငံရပ်ခြားရှိ တရုတ်နွယ်ဖွားကျောင်းသားများ ကျောင်းအပ်နှံခြင်းဆိုင်ရာ ဧရိယာ > နိုင်ငံရပ်ခြားရှိ တရုတ်နွယ်ဖွားကျောင်းသားများအတွက် စက်မှုလုပ်ငန်းနှင့် ပညာရှင်များ လက်တွဲပူးပေါင်း လုပ်ဆောင်နေသော အထူးတန်းခွဲများ ကို ရွေးချယ်ပြီး ဝင်ခွင့်ရ နာမည်စာရင်းကို စစ်ဆေးပါ။

## 3 ကျောင်းတက်ရန် စာရင်းသွင်းချိန်

**ကျောင်းတက်ရန် စာရင်းသွင်းချိန်- နှစ်စဉ် ဇူလိုင်လဆန်းပိုင်း**

(ခွဲဝေရေး) မှတဆင့် ဝင်ခွင့်ရကျောင်းသားများသည် ခွဲဝေပေးထားသည့် ကျောင်းများမှ ၊ ဝင်ခွင့်အကြောင်းကြားစာကို ယူဆောင်ပြီး ၊ နိုင်ငံရပ်ခြားရှိ ထိုင်ဝမ်ကိုယ်စားလှယ်ရုံးများတွင် ကျောင်းဝင်ခွင့်ဗီဇာကို လျှောက်ယူပြီး ၊ ခွဲဝေပေးထားသည့် ကျောင်းများသို့ ဇူလိုင်လဆန်းပိုင်းတွင် ကျောင်းတက်ရန် စာရင်းသွင်းပါ။ အမှန်တကယ် ကျောင်းတက်ရန် စာရင်းသွင်းရမည့်ရက်စွဲသည် ထိုင်ဝမ်ပညာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် ကျောင်းဖွင့်ရက်ဖြစ်ပြီး ၊ ထိုရက်စွဲပေါ်အခြေခံ၍ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ဆောင်ချက်များကို လိုက်နာရမည်ဖြစ်သည်။


Overseas Community Affairs Council ( OCAC )
中華民國僑務委員會


စက်မှုလုပ်ငန်းနှင့် ပညာရှင်များ လက်တွဲပူးပေါင်း လုပ်ဆောင်နေသော အထူးတန်းခွဲများဆိုင်ရာဧရိယာ